နောက်ဆက်တွဲ (က)

**Total E&P Myanmar Co.,Ltd ၏ ရတနာကုန်းတွင်းနှင့် ကမ်းလွန်ဓာတ်ငွေ့စီမံကိန်း၏**
**စီမံကိန်းအကြောင်းအရာ**

၁။ Total E&P Myanmar Co.,Ltd မှ ဆောင်ရွက်လျက်ရှိသည့် ကမ်းလွန်ရေနံလုပ်ကွက် M5-M6 (Infill Drilling) အတွက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂-၁၀-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ဥညမ-(၁၅) ၂/၆ (၂၃၄၆)၂၀၁၉ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် EMP ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Saw Hudson၊ Environmental Engineer၊ အမှတ် (၅)၊ စွယ်တော်ကန်လမ်း၊ ပန်းပင်ကုန်းရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Email-saw.hudson @pttep.com၊ ဖုန်း-၀၉၇၇၉၁၁၆၅၅၃၊ Total E&P Myanmar Co.,Ltd ဖြစ်ပါသည်။

၃။ **စီမံကိန်း၏အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် တွင်းတူးဖော်မှုမစမီအဆင့်၊ တွင်းတူးဖော်ခြင်းအဆင့်နှင့် ပြန်လည်ဖြုတ်သိမ်းခြင်းအဆင့်ဟူ၍ အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ပြင်ဆင်ခြင်းအဆင့်တွင် တွင်းတူးစင်ရွှေ့ပြောင်းမှုများ မစတင်မီအခြေအနေကိုသိရှိရန် တွင်းတူးစင် WP1, WP2 နှင့် WP4 တွင်းတူးစင်အနီးတဝိုက်တွင် ဘူမိဆိုင်ရာစစ်တမ်းများကောက်ယူသွားမည်ဖြစ်ကြောင်း၊ စစ်တမ်းကောက်ယူသည့် ရည်ရွယ်ချက်မှာ ပြီးစီးခဲ့သည့် ယခင်တွင်းတူးစင်များ၏ အခြေအနေကိုသိရှိရန်၊ လက်ရှိပင်လယ်ရေအောက်ကြမ်းပြင် ပိုက်လိုင်းသွယ်တန်းခြင်း အခြေအနေကိုသိရှိရန်နှင့် တွင်းတူးစင်ရွှေ့ပြောင်းမှုများ လုပ်ဆောင်ရန်အတွက် စိတ်ချလုံခြုံမှုရှိသည့် ရေကြောင်းဆိုင်ရာ လမ်းညွှန်မှုများပြုလုပ်ရန်တို့ဖြစ်ပြီး ထောက်ပံ့ရေးယာဉ်များ အသုံးပြုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကမ်းလွန်လုပ်ကွက် (ရတနာ) လိုအပ်ချက်၊ ပင်လယ်ရာသီဥတုအခြေအနေ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** တွင်းတူးစင်ကို မီးပေးရန်အတွက် ဒီဇယ်သုံးမီးစက်များကို အသုံးပြုခြင်း၊ ဒီဇယ်လိုအပ်ချက်ကို ထောက်ပံ့ရေးယာဉ်များဖြင့် သယ်ယူခြင်း၊ တွင်းတူးဖော်ရာတွင် ပင်လယ်ရေနှင့် Water Based Drilling Fluid (WBDF) ဖြစ်သော ရေကိုအခြေပြုသည့် တွင်းတူးရည်ကို အသုံးပြု၍ ဆောင်ရွက်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ကပ္ပလီပင်လယ်အတွင်း၊ မြန်မာနိုင်ငံကမ်းလွန် လုပ်ကွက်အမှတ် M5 နှင့် M6 တွင်တည်ရှိပါသည်။

မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ အနိမ့်ဆုံးဖြစ်စေမည့် နည်းလမ်းများကို အသုံးပြုရန်၊

(၂) ရေယာဉ်စက်များ၊ မီးအားပေးစက်များ၊ ကွန်ပရက်ဆာများကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်နှင့် ပြစ်ချက်တွေ့ရှိပါက ချက်ချင်းပြင်ဆင်ရန်၊

(၃) ဆာလဖာပါဝင်မှုနည်းသော လောင်စာဆီကို အသုံးပြုရန်၊

(၄) ပေါက်ကွဲမီးရှို့ (blowout Flaring) စဉ်အတွင်း အပြည့်အဝလောင်ကျွမ်းမှု မရှိပါက ကြပ်ခိုး/အမှုန်သေးများ ထွက်ရှိနိုင်သောကြောင့် မီးရှို့စက် (flare tip) ဒီဇိုင်းနှင့် မီးရှို့လုပ်ငန်း (flare operation) ကို အပြည့်အဝလောင်ကျွမ်းစေရန်အတွက် ဆောင်ရွက်ထားရှိရန်၊

(၅) အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းရှိပါက ပုံမှန်လုပ်ငန်းဆောင်ရွက်ချိန်တွင် တွဲဖက်ဓာတ်ငွေ့ (associated gas) ကို ဆက်တိုက်လွှတ်ပေးမှုနှင့် မီးရှို့မှု မပြုလုပ်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပင်လယ်ရေနှင့်နုန်းအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်ပါအတိုင်းဆောင်ရွက်ရန်၊

(၂) ရေယာဉ်များ၊ တွင်းတူးစင်များ၊ ပလက်ဖောင်းများမှ ရေဆိုးများစွန့်ထုတ်မှုကြောင့် ရေအရည်အသွေး ထိခိုက်မှုလျော့နည်းစေသော နည်းလမ်းများကို အသုံးပြုရန်၊

(၃) စွန့်ထုတ်ရေများအားလုံးကို သင့်လျော်စွာ သန့်စင်ခြင်းနှင့် မြန်မာနိုင်ငံ၏ NEQEG စံနှုန်းများ၊ MARPOL, PARCOM စသည့် နိုင်ငံတကာစံနှုန်းများတွင် သတ်မှတ်ထားသည့်အတိုင်း စွန့်ထုတ်မှုစံနှုန်းရည်မှန်းချက်များကို ဖြည့်ဆည်းလိုက်နာရန်၊

(၄) စွန့်ထုတ်ပစ္စည်း စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) အသုံးပြုပြီးလောင်စာဆီများနှင့် ဆီပါဝင်သော စွန့်ပစ်ပစ္စည်းများကို ကုန်းတွင်းတွင် စုပုံစွန့်ပစ်နိုင်ရန် အမှတ်အသားများပြုလုပ်၍ သီးခြားသိုလှောင်ထားရန်။

(င) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

စီမံကိန်းသင်္ဘောများအား ပင်လယ်ရေကြောင်းသွားလာရေးဆိုင်ရာစည်းကမ်း

MARPOL 73/78 အားလိုက်နာဆောင်ရွက်ရန်နှင့် TEPM ၏စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်မှ သတ်မှတ်ချက်များနှင့်အညီ လည်ပတ်ဆောင်ရွက်ရန်။

(ဧ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပလက်ဖောင်းများတွင် ညစ်ညမ်းမှုကာကွယ်သည့် သုတ်ဆေးများ (Anti-fouling paints) များကို အဏ္ဏဝါသက်ရှိအမျိုးမျိုးတို့က စားခြင်းဖြင့် အစားအစာကွင်းဆက်အတွင်းသို့ တဖြည်းဖြည်းဝင်ရောက်သွားနိုင်သည့်အတွက် ထိုသုတ်ဆေးများကို အသုံးမပြုရန်၊

(၂) ဇီဝညစ်ညမ်းမှုကို ကာကွယ်ရန်အတွက် ပလက်ဖောင်းများ၏ ထောက်တိုင်များတွင် အဏ္ဏဝါသက်ရှိ တိုးပွားမှုကာကွယ်ရေးပစ္စည်းများ (marine growth preventers) တပ်ဆင်ရန်၊

(၃) အအေးခံစနစ်မှ ပင်လယ်ရေထက် အပူချိန်ပိုမြင့်သောရေများ ထုတ်လွှတ်မှုကြောင့် ပင်လယ်ရေပြင်နေ သက်ရှိများ၏အပြုအမူတွင် ပြောင်းလဲမှုများ ဖြစ်နိုင်သောကြောင့် MARPOL အတိုင်း ရေယာဉ်အားလုံး လိုက်နာဆောင်ရွက်ရန်၊

(၄) ဆီပါသောရေနှင့် ထိတွေ့မိသောငှက်များ ပင်လယ်ရေပြင်နေ သက်ရှိများသို့ ဆိုးကျိုးများ သက်ရောက်စေနိုင်ပါသဖြင့် ပလက်ဖောင်းများတွင် ဟိုက်ဒရိုကာဗွန်ပါဝင်ပြီး ညစ်ညမ်းစေနိုင်သော ရေစီးဆင်းမှုများကို စုဆောင်းပေးနိုင်သည့် အဖွင့်အပိတ်လုပ်နိုင်သော ရေနုတ်စနစ်များတပ်ဆင်ရန်၊

(၅) Maine Fauna များ၊ ငှက်သိုက်များ၊ ငှက်ဥများ ထိခိုက်ပျက်စီးစေခြင်းတို့ကို တားမြစ်သွားရန်။

(ဆ) **သင်္ဘောသွားလာရေး/ရေလမ်းကြောင်းအသုံးပြုရေးနှင့်ငါးလုပ်ငန်းဆိုင်ရာ အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဓာတ်ငွေ့မတူးဖော်မီ ရက်(၃၀)အလိုတွင် ရေကြောင်းသွားလာရေးသတိပေးချက်အား ထုတ်ပြန်ဆောင်ရွက်ရန်နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ပူးပေါင်းဆောင်ရွက်ရန်၊

(၂) ရေယာဉ်သွားလာမှုများကိုသတိပေးရန်အတွက် အကူသင်္ဘောများကိုအသုံးပြုရန်၊

(၃) MODU နှင့် ထောက်ပံ့ရေးယာဉ်များ ရှိနေမှုကြောင့် ငါးလုပ်ငန်းနှင့် ရေကြောင်းသွားလာရေး လုပ်ငန်းများအပေါ် သက်ရောက်မှုများမဖြစ်စေရန် Exclusion Zone ကို အနည်းဆုံး မီတာ (၅၀၀) ထားရှိ၍ ဆောင်ရွက်သွားရန်။

